သို့


လိုက်နာရေးအကြံပေးအရာရှိရုံး (CAO)

2121 Pennsylvania Avenue NW

Washington. DC 20433 U.S.A


ရက်စွဲ ။ 4 . 10 . 2017

အကြောင်းအရာ ။ ။ လူ့ကျင့်ဝတ်၊ လုပ်ငန်းကျင့်ဝတ်၊ ဥပဒေစည်းကမ်း၊ လူ့အခွင့်အရေး၊ သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးခြင်းများ ဖောက်ဖျက်ကျူးလွန်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာအုပ်စု အတွင်း တည်ဆောက် ပြီးစီးသွားသော မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီ လီမိတက်၏ ဓာတုဆေးဝါး စက်ရုံစီမံကိန်းအား ကမ္ဘာ့ဘဏ်မှ အကျိုးတူ ပူးပေါင်း ရင်းနှီးမြှုပ်နှံမှုအား ပြန်လည်ရုပ်သိမ်းပေးပါရန်တင်ပြ တောင်းဆိုခြင်း။

မြန်မာ့သြဘာလုပ်ငန်းစုကုမ္ပဏီလီမိတက်၏ ဓာတုဆေးဝါးစက်ရုံကို ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းစံပြကျေးရွာ အုပ်စုအတွင်း တည်ဆောက်ထားပြီး ပတ်ဝန်းကျင်တွင် ရပ်ကွက်ကြီး (၁၀) ရပ်ကွက်၊ ကျေးရွာကြီး (၆) ရွာ တို့ရှိပြီး လူဦးရေ (၁၂၀၀၀) ကျော်နေထိုင် လျက်ရှိပြီး ယင်းစက်ရုံနှင့် (၄.၉၇) မိုင်အကွာတွင် ရန်ကုန်မြို့တော်ကြီးအား ရေဖြန့်ဝေပေးနေသော ဖူးကြီး ရေလှောင်ကန်နှင့် (၄.၃၉) မိုင်အတွင်း ကလီထော်ဆည် ရေလှောင်ကန်၊ (၂)မိုင်အကွာတွင် ညောင်နှစ်ပင် စိုက်ပျိုးရေးဇုန်တို့ ရှိပါသည်။

ဤစက်ရုံ၏ သမိုင်းအကျဉ်းမှာ ၁၉၈၈ ခန့်က ယခင်အစိုးပိုင် စက်ရုံဖြစ်ပြီး စက်ရုံကို အစိုးရ ကိုယ်တိုင် လည်ပတ်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်တွင် စက်ရုံ၏လည်ပတ်မှုကို ရပ်ဆိုင်းပြီး ၂၀၀၇ ခုနှစ်တွင် ဝိတိပြည့်စုံကုမ္ပဏီမှ ငှားရမ်းလည်ပတ်ခဲ့ပါသည်။ စက်ရုံလည်ပတ်ချိန်မှစ၍ ယခုအချိန် အထိဒေသခံ များအား လျစ်လျူရှုခဲ့၍

ယင်းစက်ရုံတွင် အလုပ်လုပ်ခဲ့သောသူများသည် ဦးနှောက်အကြိတ်ရောင် ရောဂါ၊ ကင်ဆာရောဂါတို့ဖြင့် အချိန်မတိုင်မီသေဆုံးကာအချို့မှာ လက်ရှိအချိန်တွင် သတိမေ့ခြင်း အဆုတ်အစာ အိမ်ဝေဒနာများ ခံစားနေရဆဲသူများရှိပါသည်။

ဤစီမံကိန်းမှာတာဝန်ရှိသူအချို့မှ (၁၅.၁၁.၂၀၁၅) နေ့တွင် ဒေသခံပြည်သူ (၅၀)ခန့်ဖြင့်လာရောက် တွေ့ဆုံကာ မြန်မာဩဘာမှ တာဝန်ယူတည်ဆောက်မည့် ဓာတုဆေးဝါး၊ မှိုသတ် ဆေး၊ ပိုးသတ်ဆေး၊ ပေါင်းသတ် ဆေးများ ထုတ်လုပ်မည့်အကြောင်း ဆွေးနွေးပြော ဆိုကြသော်လည်း နားမလည်၍ အကြောင်းမပြန်ခဲ့ပါ။ တက်ရောက်ခဲ့သူ (၂)ဦးသာ ဤစက်ရုံကို လက်မခံနိုင်ကြောင်း ကန့်ကွက်ကြောင်း ပြန်ကြားခဲ့ပါသည်။

ထိုအချိန်မှစ၍ စက်ရုံစီမံကိန်းတာဝန်ရှိသူများသည် ဒေသခံများနှင့် လုံးဝမတွေ့ဆုံတော့ဘဲ စက်ရုံအားလုပ်ငန်းအဆင့်မြင့်တင် မြန်ဆန်အောင်တည်ဆောက်ခဲ့ပါသည်။ မြို့နယ်၊ ရပ်ကျေး အုပ်ချုပ် ရေးမှူးများ၊ ဒေသခံ ပြည်သူများ၊ အဖွဲ့အစည်းအနည်းငယ်ကိုသာ စည်းရုံး၍ ဤစက်ရုံသည် ဒေသဖွံ့ဖြိုးရေး အတွက် အဓိကကျပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည်ဟု ပြောဆို ဝါဒဖြန့်ခဲ့ပါသည်။ ထို့အပြင် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဒေါက်တာအောင်သူအား ဖိတ်ခေါ်ကာ ပန္နက်ရိုက်ခဲ့ပါသည်။ ထို့အပြင် စီမံကိန်းတာဝန်ခံဦးညာက်လင်းဖျိုးမှ ကမ္ဘာ့ဘဏ်မှရင်းနှီးမြှုပ်နှံမှု ဒေါ်လာ (၁၀)သန်း ထည့်ဝင်ထားကြောင်း၊ တောင်သူလယ်သမား စာစောင်သို့ တရားဝင်ပြောကြားခဲ့ပါသည်။

ထိုအချိန်တွင်းမှ ဒေသခံများသည် စက်ရုံစီမံကိန်းလျင်မြန်စွာတည်ဆောက်လျက်ရှိကြောင်းသိရှိကာ နိုင်ငံတော်သမတကြီးထံသို့ လိပ်မူထပ်ကာ နိုင်ငံတော်အတိုင်ပင်ခံအပါအဝင်သက်ဆိုင်ရာဝန်ကြီးဌာနများ အုပ်ချုပ်ရေးမှုးများထံ မိတ္တူပို့ကာ ၁၅. ၁၀. ၂၀၁၆ ရက်နေ့တွင် တစ်ကြိမ်၊ ၂၇. ၃. ၂၀၁၇ ရက်နေ့တွင် တစ်ကြိမ်၊ ၂၄. ၅. ၂၀၁၇ရက်နေ့တွင် တစ်ကြိမ်တိုင်ကြားခဲ့ပါသည်။

ထိုသိုတိုင်ကြားသည့်အတွက် မြို့နယ်အဆင့်၊ တိုင်းအဆင့် တာဝန်ရှိသူများမှ ဒေသခံများအားတရားခံများသဖွယ်လာရောက်စစ်ဆေးကာပြန်သွားပြီး နောက်လုံးဝအကြောင်းကြားခြင်းမရှိတော့ပါ၊ ထိုသို့ကန့်ကွက်နေစဉ်အတွင်းမာလာမြိုင်ကုမ္ပဏီမှ အလားတူခါတုဆေးဝါးစက်ရုံစီမံကိန်းနောက်တစ်ခုပေါ်ပေါက်လာပြန်ပါသည်။

ဒေသခံများမှ စဉ်ဆက်မပြတ်ကန့်ကွက်နေသဖြင့် ၂၃. ၄. ၂၀၁၇ခုနှစ်တွင် မြန်မာ့သြဘာမှ ဒေသခံများနှင့်တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဒေသခံများ၏တောင်းဆိုချက်ကြောင့် ယခင်ကစားပွဲပေါ်တွင်သာ ပြုလုပ်ထားသောSIA. EIA, EMPလုပ်ငန်းများကိုပြန်လည်စစ်ဆေးကာအင်္ဂလန်နိုင်ငံအခြေစိုက် ERMအဖွဲ့အား ကွင်းဆင်းလုပ်ဆောင်စေခဲ့ပါသည်။၂၀၁၇ခုနှစ်ဩဂုတ်လအတွင်းတွင် ဤ ESIA ဆန်းစစ်ချက်ဒေသခံများရရှိခဲ့ပါသည်။

ဤဆန်းစစ်ချက်များအရ မြန်မာ့သြဘာလုပ်ငန်းစုမှ ဒေသခံများအပေါ် လိမ်လည်ကာသတင်းအချက်အလက်များအားထုတ်ပြန်ထားခြင်း၊ လူ့အခွင့်အရေးများကိုချိုးဖေါက်ထားခြင်း၊ ကမ္ဘာ့ဘဏ်မှ မူဝါဒများညွှန်ကြားချက်များအားလုံးဝမလုပ်ဘဲထားရှိခြင်း၊ ကမ္ဘာ့ဘဏ်မှဂုဏ်သိက္ခာကျစေသောဖြစ်ရပ်များကိုတွေ့ရှိခဲ့ရပါသည်။

အဘယ့်ကြောင့်ဆိုသော် ဤစာတန်းပါအချက်များအရ

၁။ ဤဒေသတွင်စက်ရုံစီမံကိန်းတစ်ခုတည်းမဟုတ်ဘဲနောက်ထပ်စက်ရုံအများအပြားဝင်ရောက်ကာခါတုဆေးဝါးစက်မှုဇုန် တည်ဆောက်ရန်ရည်ရွယ်ထားခြင်း

၂။ ထိုစက်ရုံတည်ဆောက်ရန်ယခုမှအဆိုပြုထားသည်ကိုသိရှိရ၍ စီမံကိန်းခွင့်ပြုမိန့်မရသေးကြောင်းဒေသခံများသိရှိရခြင်း

၃။ ဒေသခံများနှင့်ပြဿနာများမပြီးသေးချိန်တွင်မြန်မာ့သြဘာမှစက်ရုံအားအလျင်အမြန်ပြီးစီးအောင်တည်ဆောက်ခဲ့သည့်အတွက်ဒေသခံများကြားတွင် စိုးရိမ်မှုများကြာမှကြောက်ရွံ့တုန်လှုပ်မှုကိုဖြစ်ပေါ်စေခြင်း

၄။ ERM အဖွဲ့စစ်ဆေးချက်တွင်ယင်းဒေသအနီးတစ်ပိုက်တွင်အဝီစိတွင်းရေများသုံး၍မရအောင်အားလုံးအဆိပ်သင့်နေပါသည်။ ဤအဆိပ်သင့်နေသောနေရာတွင် ယခင်ထက်များစွာကြီးမားသောခါတုစက်မှုစီမံကိန်းကြီးများတည်ဆောက်ပါက အန္တရာယ်များစွာကြီးလာနိုင်ခြင်း

၅။ ကမ္ဘာ့ဘဏ်၏အဓိကမူဝါဒဖြစ်သော လူထုဗဟိုပြုစီမံကိန်းနေရာတွင်ဒေသခံလူထုအားလုံးဝဥပက္ခာပြုထားခြင်း

၆။ နောက်မူဝါဒများဖြစ်သောဒေသခံများအားအချိန်ပေးဆွေးနွေးခြင်း၊ ဒေသခံများပါဝင်ပူးပေါင်းနိုင်အောင်စီမံဆောင်ရွက်နိုင်မှုမရှိခြင်း

၇။ ယင်းဆန်းစစ်ချက်တွင်ယခင်စက်ရုံဟောင်းမှစွန့်ပစ်ခါတ်ကျန်များကြောင့်စက်ရုံပတ်ဝန်းကျင်အနီးချောင်းများ၊ [redacted]စသောရွာများရှိယခင်နှစ်ပေါင်းများစွာသုံးစွာလာသောအဝီစိတွင်းများတွင်သုံးမရအောင်အဆိပ်သင့်နေခြင်း

၈။ ယင်းဆန်းစစ်ချက်အရခွင့်ပြုမိန့်မရရှိပဲနှင့်ဝန်ကြီးဦးအောင်သူအားခေါ်ယူ၍ဖွင့်ပွဲကျင်းပပေးခဲ့ခြင်းကြောင့် ဒေသခံများအနေဖြင့်အညာခံရသလိုခံစားရ၍ နိုင်ငံတော်တာဝန်ရှိသူများအားအယုံအကြည်ကင်းမဲ့စေခြင်း

၉။ အဆိုးဆုံးမှာကမ္ဘာ့ဘဏ်သည်လုပ်ငန်းခွင့်ပြုမိန့်မရှိဘဲနှင့်ရင်းနှီးမြှုတ်နှံမှုငွေမတည်ရင်းနှီးခြင်းကြောင့်ဒေသခံများနားမလည်အောင်ဖြစ်ရပါသည်။

အဘယ်ကြောင့်ဆိုလျှင် ကမ္ဘာ့ဘဏ်သည်ကမ္ဘာပေါ်တွင်ဂုဏ်သိက္ခာအရှိဆုံးအဖွဲ့မှ တစ်ဖွဲ့ဖြစ်ပါသည်။ အကျိုးတူငွေရှင်များနိုင်ငံတကာအလှူရှင်များနှင့်ဖွဲ့စည်းထားသောကြောင့်ပထဝီနိုင်ငံရေးပေါ်လစီနိုင်ငံရေးစီးပွားရေးအကျိုးအမြတ်ကို ရှေ့တန်းတင်လာပါက အကျင့်ပျက်ချစားမှု၊ ရပ်ရွာဒေသခံများပူပေါင်းပါဝင်မှုမရှိခြင်း၊ ပွင့်လင်းမြင်သာမှုမရှိခြင်းသည် နိုင်ငံတော်အဆင့်ဒေသဆိုင်ရာအာဏာပိုင်များအဆင့်နှင့်ပြည်သူကိုယ်စားလှယ်များပါမကျန်စီမံကိန်းနေရာများတွင်ဖြစ်ပေါ်နေအုံးမည်ဖြစ်ပါသည်။

၁၀။ ကမ္ဘာ့ဘဏ်မှ ရင်းနှီးမြှုတ်နှံသည့်ငွေသည်မည်ကဲ့သို့ငွေစီးဆင်းလာခြင်းကိုမသိခြင်း၊ နားလည်မှုစာချွန်လွှာကန်ထရိုက်စာချုပ်စသည်တို့မည်သည့်အချိန်တွင်ချုပ်ဆိုကြောင်းဒေသခံများ သတင်းအချက်အလက်မရရှိခြင်း

၁၁။ ဤကဲ့သို့ကမ္ဘာ့ဘဏ်မှဖွံ့ဖြိုးမှုနှင့်ဒေသပျက်စီးမှုများလူအခွင့်အရေးထိခိုက်မှုများကိုသေချာစွာမစစ်ဆေးဘဲရင်းနှီးမြှုတ်နှံလျှင်နိုင်ငံတော်ဖက်မှလည်းသက်ဆိုင်ရာဝန်ကြီးဌာန၊ အုပ်ချုပ်ရေးတာဝန်ရှိသူများပြည်သူကိုယ်စားလှယ်များမှ ဤအန္တရာယ်ကြီးမားသော စီမံကိန်းများကို သေချာစွာမစီစစ်ပဲတာဝန်ယူမှုတာဝန်ခံမှုမပြုလုပ်ဘဲစီးပွားရေးဖွံ့ဖြိုးလျှင်ပြီးရောဆိုကာလုပ်ကိုင်ခွင့်ပြုရင်းနှီးမြှုတ်နှံခွင့်ပြုလိုက်ပါက ဒီမိုကရေစီရရှိချိန်(၁၈)လပင်မပြည့်သေးသောကျွန်ုပ်တို့နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့်များစွာ အန္တရာယ်နှင့်ကြုံရပါမည်။

ထို့အပြင်ကမ္ဘာ့ဘဏ်အနေဖြင့်

(က) စောင့်ကြည့်ထိန်းသိမ်းရာတွင်ရှော့ရဲစွာဥပက္ခာပြုထားခြင်း

(ခ ) ပြဿနာများမပြေလည်သေးမှီလုပ်ငန်းပိုင်းဆိုင်ရာအဆင့်မြှင့်တင်လုပ်ဆောင်ခြင်းကိုမတားမြင့်ခြင်း

(ဂ ) ဒေသခံများတိုင်ကြားမှုကိုသက်ဆိုင်ရာဌာနများမှ အကြောင်းမပြန်ကြားခြင်းကြောင့် မြန်မာသြဘာမှမှားယွင်းသောသတင်းအချက်အလက်တုန့်ပြန်ခြင်းများကိုသိရှိအောင်မဆောင်ရွက်ခဲ့ပါ။ သို့ပါသောကြောင့်C.A.O,C.E.O အနေဖြင့်မြန်မာသြဘာစီမံကိန်းတွင်ကမ္ဘာ့ဘဏ်မှရင်းနှီးမြှုတ်နှံထားသောဒေါ်လာငွေများအား ပြန်လည်နုတ်ယူ၍ယင်းစီမံကိန်းအားရပ်ဆိုင်းပေးပါရန်လေးစားစွာတင်ပြဆောင်းဆိုအပ်ပါသည်။

[redacted]

မိတ္တူကို -

[redacted]

[redacted]